**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊SSE / NM / (၁၂/၂၀၂၁)
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂.၇.၂၀၂၁ ရက်စွဲပါစာအမှတ်၊ ပဆ-၂ /လက/Spaceflight(၇/၁၇)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းလေယာဉ်မှူး သတိပေးလွှာ ထုတ်ပြန်ရေးရုံးမှ (၁-၇-၂၀၂၁) ရက်နေ့မွန်းလွဲ (၁၃း၅၂) နာရီအချိန်တွင် Spaceflight လှုပ်ရှားမှု ကိစ္စနှင့်ပတ်သက်၍ သတိပေးချက် (ကြေးနန်းစာ) ကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့အကြောင်းလာသော စာအရ အာကာသယာဉ်၏ လှုပ်ရှားမှု(Spaceflight Activities) သည် (၅-၇-၂၀၂၁) ရက်နေ့ နံနက် (၀၅း၅၀) နာရီအချိန်မှ (၀၆း၂၉ )နာရီ အချိန်အတွင်းလည်းကောင်း၊ (၉-၇-၂၀၂၁) ရက်နေ့ ညနေ (၁၈း၃၇) နာရီအချိန်မှ (၁၉း၁၇)နာရီ အချိန်အတွင်းလည်းကောင်း ဧရိယာ (၂)ခုတွင် ဖြစ်နိုင်ချေရှိကြောင်း၊မြေပြင်မှ အမြင့်ပေ အကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ သက်ရောက်မည့် ဧရိယာ (၂)ခုကို လတ္တီကျု၊ လောင်ဂျီကျုများ ဖော်ပြလျက် သတိပေးအကြောင်းကြားလာပါသည်။

၂။ အဆိုပါ သက်ရောက်မည့်ဧရိယာ(၂)ခုအနက်မှ ဧရိယာ (၁)မှာ ပုသိမ်လေဆိပ်၏ အနောက်ဘက် ရေမိုင် (၉၉) မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်အတွင်းတွင်လည်းကောင်း၊ ဧရိယာ (၂)မှာ ပစိဖိတ်သမုဒ္ဒရာအတွင်းတွင်လည်းကောင်း ကျရောက်နိုင်ကြောင်း ဖော်ပြထားပါသည်။ ဘင်္ဂလားပင်လယ်အော်အတွင်းကျရောက်နိုင်သော ဧရိယာ (၁) မြေပုံအား **နောက်ဆက်တွဲ (က)** ဖြင့်ဖော်ပြအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Spaceflight Activities အစိတ်အပိုင်းများ **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားသော ဧရိယာ(၁)အတွင်း (၅-၇-၂၀၂၁) ရက်နေ့၌ ဖော်ပြပါအချိန်အတွင်းတွင် ကျရောက်နိုင်ပါသဖြင့် ရေယာဉ် ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတမ်းသွား ရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားလှေများနှင့် စက်တပ်သမ္ဗာန်များ ၎င်းဧရိယာအတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်း ကိရိယာများချထားခြင်း မရှိစေရေးတို့အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေငြာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)